သုတ္တနိပါတ်ပါဠိတော်

# ၆-ဥပသီဝမာဏဝပုစ္ဆာ

၁၀၇၆။ (ဥပသီဝသည် ဤသို့ မေးလျှောက်၏) -

သာကီနွယ်ဖွား မြတ်စွာဘုရား အကျွန်ုပ်သည် တစ်ယောက်တည်း အမှီမရှိဘဲ ကြီးကျယ်သော 'ဩဃ' သံသရာအလျဉ်ကို ကူးမြောက်ခြင်းငှါ မတတ်နိုင်ပါ၊ ထက် ဝန်းကျင် မြင်စွမ်းနိုင်သော ပညာစက္ခုရှိသော မြတ်စွာဘုရား အကြင်တရားကိုမှီ၍ ဤသံသရာ အလျဉ် 'ဩဃ'ကို ကူးမြောက်နိုင်ရာ၏။ ထိုမှီရာ တရားကို ဟော တော်မူပါလော့။ (၁)

၁၀၇၇။ (မြတ်စွာဘုရားသည် ဤသို့ မိန့်တော်မူ၏) -

ဥပသီဝ အောက်မေ့မှု 'သတိ' ရှိလျက် အာကိဉ္စညာယတနသမာပတ်ကို အနိစ္စ စသောအားဖြင့် ရှုသည်ဖြစ်၍ (တစ်စုံတစ်ခုမျှ) မရှိဟူသော (အာကိဉ္စညာယတန သမာပတ်ကို)မှီ၍သံသရာ အလျဉ် 'ဩဃ'ကို ကူးမြောက်လေလော့၊ ကာမတို့ကို ပယ်လျက် ယုံမှားခြင်းတို့မှ ကင်းပျောက်သည်ဖြစ်၍ တပ်မက်မှု 'တဏှာ'ကုန်ရာ (နိဗ္ဗာန်) ကို နေ့ရောညဉ့်ပါ ထင်စွာ ရှုလေလော့။ (၂)

၁၀၇၈။ (ဥပသီဝသည် ဤသို့ မေးလျှောက်၏) -

မြတ်စွာဘုရား အကြင်သူသည် အလုံးစုံသော ကာမတို့၌ တပ်မက်မှု ကင်း၏။ အာကိဉ္စညာယတနသမာပတ်ကို အမှီပြုလျက် တစ်ပါးသော သမာပတ်ကို စွန့်၍ မြတ်သော အာကိဉ္စညာယတနသမာပတ်ဟူသော သညာဝိမောက္ခ၌ နှလုံးသွင်း၏။ ထိုသူသည် အာကိဉ္စညာယတနဗြဟ္မာ့ဘုံ၌ ရောက်သည်ဖြစ်၍ တည်ရာသလော။ (၃)

၁၀၇၉။ (မြတ်စွာဘုရားသည် ဤသို့ မိန့်တော်မူ၏) -

ဥပသီဝ အကြင် သူသည် အလုံးစုံသော ကာမတို့၌ တပ်မက်မှု ကင်း၏။ အာကိဉ္စညာယတနသမာပတ်ကို အမှီပြုလျက် တစ်ပါးသော သမာပတ်ကို စွန့်၍ မြတ်သော အာကိဉ္စညာယတနသမာပတ်ဟူသော သညာဝိမောက္ခ၌ နှလုံးသွင်း၏။ ထိုသူသည် အာကိဉ္စညာယတနဗြဟ္မာ့ဘုံ၌ ရောက်သည်ဖြစ်၍ တည်ရာ၏။ (၄)

၁၀၈၀။ (ဥပသီဝသည် ဤသို့ မေးလျှောက်၏) -

ထက်ဝန်းကျင် မြင်စွမ်းနိုင်သော ပညာစက္ခုရှိတော်မူသော မြတ်စွာဘုရား ထိုသူသည် ထိုအာကိဉ္စညာယတနမြဟ္မာ့ဘုံ၌ ရောက်သည်ဖြစ်၍ တည်ခဲ့မူ ထိုဘုံ၌ပင်လျှင် နှစ်ပေါင်းများစွာငြိမ်းအေးသည်ဖြစ်၍ (ဆင်းရဲတို့မှ) လွတ်မြောက်သည် ဖြစ်ရာ သလော၊သို့ မဟုတ်မူထိုသို့ သဘောရှိသော သူ၏ ဝိညာဉ်သည် ရွေ့လျောရာသေး သလော။ (၅)

၁၀၈၁။ (မြတ်စွာဘုရားသည် ဤသို့ မိန့်တော်မူ၏) -

ဥပသီဝ လေဟုန်ဖြင့် လွင့်သော မီးလျှံသည် ချုပ်ပျောက်ခြင်းသို့ ရောက်သကဲ့ သို့ တစ်စုံတစ်ခု ခေါ်ဝေါ်အပ်သော အဖြစ်သို့ မရောက်သကဲ့သို့ ဤအတူ ရဟန်းသည် နာမကာယမှ လွတ်သည် ဖြစ်၍ချုပ်ပျောက်ခြင်းသို့ ရောက်၏။ တစ်စုံတစ်ခု ခေါ်ဝေါ်အပ်သော အဖြစ်သို့ မရောက်။ (၆)

၁၀၈၂။ (ဥပသီဝသည် ဤသို့ မေးလျှောက်၏) -

ထိုသူသည် ချုပ်ပျောက်ခြင်းသို့ ရောက်သွားသလော၊သို့ မဟုတ် မရှိတော့ပြီ လော၊သို့ မဟုတ်မူ စင်စစ် မြဲသော သဘောဖြင့် မဖောက်ပြန်တော့ပြီလော၊ မြတ်စွာဘုရား တောင်းပန်ပါ၏။ ထို တရားကို အသျှင်ဘုရား သိပြီးဖြစ်သောကြောင့် ထိုအကြောင်းကို အကျွန်ုပ်အား ဟောကြား တော်မူပါလော့။ (၇)

၁၀၈၃။ (မြတ်စွာဘုရားသည် ဤသို့ မိန့်တော်မူ၏) - ဥပသီဝ ပရိနိဗ္ဗာန်ပြုခြင်းသို့ ရောက်သူအား ရုပ်စသော အတိုင်းအရှည်ပမာဏ မရှိ၊ အကြင်ရာဂစသော အကြောင်းဖြင့် ထိုသူကို (တပ်မက်သူ စသည်ဖြင့်) ဆိုကုန် ရာ၏။ ထိုသူအား ထိုအကြောင်းမျိုးမရှိတော့ပြီ၊ (ခန္ဓာစသောတရား)အားလုံး တို့ကို ပယ်နုတ်ပြီးကုန်သည်ရှိသော် အလုံးစုံသော ခေါ်ဆိုရာအကြောင်းမျိုးကိုလည်း ပယ်နုတ်ပြီး ဖြစ်ကုန်၏။ (၈)

ခြောက်ခုမြောက် ဥပသီဝမာဏဝပုစ္ဆာ ပြီး၏။